# သုဓွေးဖေဖေ၏ စကားဦး

နိုင်ငံတစ်နိုင်ငံ နိမ့်ကျခြင်း၊ လူမျိုးတစ်မျိုး ဆင်းရဲခြင်း၊ ဘာသာတရားတစ်ခု ကျရှုံးခြင်းသည် ထိုနိုင်ငံသား ထိုလူမျိုးနှင့် ထိုဘာသာဝင်တို့၏ တွေးခေါ်မြော်မြင်မှု၊ လက်တွေ့လုပ်ဆောင်မှုတို့ အားနည်းယိုယွင်းပျက်ဆီးခြင်းကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် လူပီသသော လူသားတစ်ယောက် ဖြစ်ရန် နယ်ပယ်စုံ ရှုထောင့်အမြင်များ ပြည့်စုံဖို့ လိုအပ်ပေသည်။ ဤသဘောတရားကို ကံ့ကော်ပင်ကျောင်းဆရာတော်၏ ဤစာအုပ်တွင် အောက်ပါအတိုင်း ဖတ်ရှုလေ့လာတွေ့ရှိရသည်။

**ဘာသာရေးရှုထောင့်**

ဗုဒ္ဓဘာသာတရားကို ကိုးကွယ်ယုံကြည်သူများအနေဖြင့် ဘဝတစ်ခု၏ အမှန်အမှားကို အဆုံးအဖြတ်ပေးသော ဆရာကို ရွေးခြယ်တတ်ဖို့ လိုအပ်ကြောင်း၊ ဘဝတွင် အကောင်းဆုံးကို ရွေးခြယ်တတ်ဖို့နှင့် ဦးစားပေးရမည့် အရာများကို နားလည်ဖို့ ကံ့ကော်ပင်ကျောင်းဆရာတော်က တင်ပြထားပါသည်။

အန္တရာယ်ရှိသော ကိုးကွယ်မှုနှင့် အန္တရာယ်ကင်းသော ကိုးကွယ်မှုကိုလည်း ခွဲခြားဖော်ပြထားသည်။ ဘာသာတရားတစ်ခုကို ကိုးကွယ်ရာတွင် အကျိုးမဲ့အရှုံးအနိုး မဖြစ်စေရန်၊ ကိုးကွယ်မှု မှန်ကန်စေရန် အကြံပြုထားသည်။

ထို့ပြင် ရဟန်းနှစ်မျိုး မြတ်နိုးဖွယ်ရာ၊ စာတစ်စောင်၊ မောင်ရွှေညို မမယ်ခ၊ ပစ္စည်းလေးဖြာ တမ်းတကာဖြင့် စသည့် ဆောင်းပါးများကလည်း သာသနာကို ချဉ်းကပ်ကြည်ညိုရာ၌ စာဖတ်သူတို့ ထားရှိရမည့် စိတ်ထားနှင့် အကြည်ညိုခံပုဂ္ဂိုလ်တို့ အနေဖြင့်လည်း အသက်မွေးဝမ်းကျောင်း စင်ကြယ်ရန် လိုအပ်ပုံများကို သွယ်ဝိုက်တင်ပြထားသည်ကို တွေ့ရသည်။ ရဟန်းတော်တစ်ပါး ရေးသည့်စာဖြစ်၍ ဘာသာရေးရှုထောင့်အမြင် ပိုပိုကဲကဲ ပါဝင်နေမည် ဖြစ်သည်။ သို့သော်။

**နိုင်ငံရေးရှုထောင့်**

နိုင်ငံရေးအမြင် မကြွယ်ဝဘဲ တိုင်းပြည်တစ်ပြည် တိုးတက်ချမ်းသာဖို့ မဖြစ်နိုင်ပေ။ ကောင်းမွန်သော နိုင်ငံရေးအမြင်က ကြွယ်ဝချမ်းသာသော နိုင်ငံတစ်နိုင်ငံကို ဖြစ်ထွန်းပေါ်စေမှာ ဖြစ်ပြီး ဆိုးရွားညံ့ဖျင်းလှသော နိုင်ငံရေးအမြင်ကား ဆင်းရဲမွဲတေသော နိုင်ငံတစ်နိုင်ငံကို ဖြစ်ထွန်းစေမည် ဖြစ်သည်။ ဆောင်းပါးရေးသူ ဆရာတော်က နိုင်ငံရေးနှင့် နိုင်ငံ့အရေး၊ တိုင်းပြည်အေးကြောင်းတရား၊ မင်းကျင့်တရားဆယ်ပါးစသည့် ဆောင်းပါးများဖြင့်လည်း သူယုံကြည်သော နိုင်ငံရေးအမြင် ရဲရဲဝံ့ဝံ့ တင်ပြထားသည်။ ဘုရားသားတော် ရဟန်းတော်တို့သည် စီးပွားရေးလုပ်ငန်းရှင်များ မဟုတ်ကြ။ သို့သော် ...။

**စီးပွားရေးရှုထောင့်**

လူသားတိုင်း ကြွယ်ဝချမ်းသာစေရန် စီးပွားရေး ကောင်းမွန်ဖို့ လိုအပ်ပေသည်။ ချမ်းသာစေသော အလုပ်ကို လုပ်ကိုင် သူတို့သည် ချမ်းသာကြွယ်ဝမှာ ဖြစ်ပြီး ဆင်းရဲစေသော အလုပ်ကို လုပ်ကိုင်သူတို့သည် ဆင်းရဲကြမည်သာ ဖြစ်သည်။ ကံ့ကော်ပင်ကျောင်းဆရာတော်က မိတ်ဆွေကောင်းတို့ အမှုအကျင့်၊ စရိုက်ခြောက်ပါး၊ အလောင်းတော်တို့ ပါရမီဖြည့်ပုံစသည့် ဆောင်းပါးများဖြင့် စီးပွားရေးအမြင်ကိုလည်း ဒေသနာတော်တို့မှ ထုတ်နုတ်ကာ တင်ပြထားပြန်သေး၏။

ဤစာအုပ်တွင် ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး ရှုထောင့်များအပြင် အမယ်စုံ၊ ကဏ္ဍစုံ၊ ရသစုံဖြင့် အကြောင်းအရာ စုံလင်လှပေသည်။ ဤစာအုပ်ကို ဖတ်ရသည်မှာ ထမင်းစားပွဲ၌ ဟင်းတစ်မယ်တည်းဖြင့်သာ စားသုံးရခြင်းမျိုး မဟုတ်ဘဲ ဟင်းအမယ် များစွာဖြင့် စားသောက်သုံးဆောင်ရသည်နှင့်ပင် တူလှပါသည်။

ကံ့ကော်ပင်ကျောင်းဆရာတော်က အဂတိလေးပါးတရား၊ စူဠကမ္မဝိဘင်္ဂသုတ်တရားတော်၊ မွေးရပ်ကို မမေ့အပ်ပုံ၊ အရိပ်မျက်နှာစသည့် အခြားဆောင်းပါးများဖြင့်လည်း စာဖတ်သူ မငြီးငွေ့အောင် ရေးဟန်အမျိုးမျိုးဖြင့် တင်ပြထားခြင်းကြောင့် ဖတ်ရသည်မှာ နှစ်လိုဖွယ် ရှိလှပါသည်။

လူသားတိုင်း ရှာဖွေနေသော အောင်မြင်မှု၊ ချမ်းသာမှုနှင့် ငြိမ်းချမ်းမှုတို့ကို ကံ့ကော်ပင်ကျောင်းဆရာတော်၏ ဆောင်းပါးများက စာဖတ်သူအား တစ်ခေါင့်တစ်နေရာမှ ပံ့ပိုးကူညီပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ သုဓွေးဖေဖေစာပေတိုက် ဝိုင်းတော်သားများက ယုံကြည်မိသောကြောင့် ဤမောင်ရွှေညိုမမယ်ခနှင့် သုတရသဆောင်းပါးများကို စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါကြောင်း။ ။

**ကိုရွှေဦး** (သုဓွေးဖေဖေစာပေ)
(၅၊ ၂၊ ၂၀၂၀) ဗုဒ္ဓဟူးနေ့